ရခိုင်ပြည်နယ် ၊ သံတွဲခရိုင်၊ ဂွမြို့နယ် ရေကျော်ကျေးရွာရှိ ကွင်းအမှတ် ၃၃၀(ခ) ရေကျော်တောင်ကွင်းမှ မြေလွပ်မြေလပ်မြေရိုင်း များတွင် အမှန်တကယ်လုပ်ကိုင်နေသူ (၁၁) ဦးအား မြေလွပ်မြေလပ်မြေရိုင်း လုပ်ပိုင်ခွင့်မှန်တကယ်လုပ်ကိုင်သူ(၁၁)ဦးမှာ နစ်နာမှုရှိသောကြောင့် လျှောက်ထားသူများကို မြေလွတ်မြေလပ် မြေရိုင်းလုပ်ကိုင်ခွင့် ခွင့်ပြုထားခြင်းပေါ် ပြန်လည်စိစစ်ပေးပါရန်နှင့် အမှန်တကယ်လုပ်ကိုင်သူ မြေလွတ်မြေလပ် မြေရိုင်းလုပ်ကိုင်ခွင့် လျှောက်ထားခွင့် မရှိသူ(၁၁)ဦးအား လုပ်ပိုင်ခွင့်ရရှိရေးအတွက် ပြန်လည်စဉ်းစားပေးပါရန် မြန်မာနိုင်ငံတောင်သူလယ်သမားစိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းပေါင်းစုံလုပ်သားများ အဖွဲ့ချုပ်သို့ ဂွမြို့နယ် တောင်သူလယ်သမားစိုက်ပျိုးရေလုပ်သားများသမဂ္ဂထောက်ခံချက်ဖြင့် ပေးပို့ခြင်း

ရေကျော်တောင်ကွင်းမှ တောင်သူလယ်သမားသည် အစဉ်ဆက်မပြတ်လုပ်ကိုင်လာသောမြေကို တရားဝင်ရရှိရေးအတွက် ရေကျော်ကျေးရွာနေ ဦးမြင့်တင် နှင့်ဦးတင်ဝင်း တို့အပါအဝင် (၃၄)ဦးတို့သည် မြေလွတ်မြေလပ်မြေရိုင်း လုပ်ကိုင်ခွင့်အတွက် ဂွမြို့နယ်မြေစာရင်းဌာနရုံးသို့လျှောက်ထားခဲ့သည်။သို့သော် အမှန်တကယ်လုပ်ကိုင်သူ တောင်သူလယ်သမား(၁၁)ဦးအစား အခြားသောသူများက မြေများရရှိသွားခြင်း ကြောင့် ၂၀၁၅ ဇန်နဝါရီလ(၁၅)ရက်နေ့က မြေစာရင်းဦးစီးဌာန သို့ ကန့်ကွက်စာပေးပို့ခဲ့သည်။

မြေလွတ်မြေလပ်မြေရိုင်း စီမံခန့်ခွဲရေးနည်းဥပဒေပုဒ်မ၅၂(ခ)အရ ယခင်ကတည်းက လက်ရှိစိုက်ပျိုး လုပ်ကိုင်နေသော ဒေသခံတောင်သူများအား စိုက်ပျိုးမြေဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားနှင့် တင်ပြနိုင်လျှင် ယင်းစိုက်ပျိုး လုပ်ကိုင်နေသူအား နစ်နာမှုမရှိစေရန်နှင့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် အစိုးရ လယ်ယာနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ (၂၃-၁-၂၀၁၅) ရက်စွဲပါစာဖြင့် မိသားစု တစ်နိုင်တစ်ပိုင် စိုက်ပျိုးလုပ်ကိုင်လိုသူ ကျေးလက်နေ တောင်သူလယ်သမားများ၏ (၁၀)ကေ အောက် လျှောက်ထားလာမှုများအပေါ် လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်း သတ်မှတ်ပေးထားချက်အရလျှောက် ထားလိုသူသည် မြေပြင်တွင် အမှန်တကယ်လုပ်ကိုင်နေသူ ဟုတ်မဟုတ်စိစစ်ခြင်းတို့ကို ကြိုတင်စိစစ် ဆောင်ရွက်ပြီးမှ လုပ်ကိုင်နေသူမှ လျှောက်ထားခြင်း အမှန်လုပ်ကိုင်နေသူမရှိသော်လည်း လုပ်ကိုင်လို၍ လျှောက်ထားခြင်းနှင့် လုပ်ကွက်ဧရိယာ ထပ်နေမှုမရှိခြင်း စသည့်အချက်များကို စိစစ်ရန် ပြည်နယ် မြေစာရင်း ဦးစီးဌာန သို့ တင်ပြရန် ညွှန်ပြထားပြီးဖြစ်ပါတယ်။